ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

တရားရေးဝန်ကြီးဌာန

အမိန့်ကြေညာစာအမှတ် ၄/၂၀၂၁

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်

အကြောင်းအရာ။ ။အထက်တန်းရှေ့နေများ လိုင်စင်သက်တမ်းတိုးရန် ကိစ္စ။

၁။ အထက်တန်းရှေ့နေများအနေဖြင့် တရားဝင်အစိုးရ အုပ်ချုပ်သောကာလတွင် နှစ်စဉ်လိုင်စင် (license) ကို အောက်တိုဘာလ (၁) ရက်နေ့ နောက်ဆုံးထား၍ (၃၀၀ိ/-) သုံးရာကျပ်တန် အထူးကပ်တံဆိပ်ခေါင်း(Special adhesive) ကို အခွန်ရုံးများ၌ ဝယ်ယူကာ လဲလှယ်ကြရပါသည်။

၂။ သို့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော တရားဝင်အစိုးရကို လက်နက်ကိုင်အကြမ်းဖက် စစ်ကောင်စီက တရားဝင် ဖမ်းဝရမ်းများမရှိဘဲ မတရားသဖြင့် ပြန်ပေးဆွဲ ဖမ်းဆီး ချုပ်နှောင်ပြီး ၎င်းတို့၏ လက်အောက်ခံ ရုပ်သေးတရားရုံးများတွင် ဥပဒေပုဒ်မမျိုးစုံဖြင့် တရားစွဲဆိုထားခြင်း၊ အပြစ်မဲ့ပြည်သူများကိုလည်း ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်ပေးခြင်း၊ ထောင်ဒဏ်များချမှတ်ခြင်းစသည့် နည်းမျိုးစုံကို အသုံးပြု၍ ညှင်းပန်းနှိပ်စက်လျက်ရှိပါသည်။ ရှေ့နေများကိုလည်း ဥပဒေနှင့်အညီ လွတ်လပ်စွာ အမှုလိုက်ပါဆောင်ရွက်ခွင့်မပြုဘဲ အကန့်အသတ် များစွာဖြင့်သာ ထိန်းချုပ်ဆောင်ရွက်ခွင့်ပြုထားလျက် ရှိပါသည်။

၃။ ထိုသို့ တရားစီရင်ရေးကို တရားမဲ့စွာဖြင့် ကျင့်သုံးနေသော တရားရုံးအဆင့်ဆင့်အတွက် အထက်တန်းရှေ့နေများက အခွန်ငွေ (၃၀၀ိ/-) ကျပ်သုံးရာတန် အခွန်တံဆိပ်ခေါင်းကပ်ပြီး လိုင်စင်သက်တမ်းတိုးရန် လုံးဝ (လုံးဝ) လိုအပ်မည်မဟုတ်ပါ။

၄။ ထို့ကြောင့် အထက်တန်းရှေ့နေများအနေဖြင့် အခွန်ဆောင်၍ လိုင်စင် သက်တမ်း တိုးခြင်း မပြုကြဘဲ ခုခံဆင်နွှဲခြင်းဖြင့် နွေဦးတော်လှန်ရေးတွင် ပါဝင်အားဖြည့်ပူးပေါင်းကြစေလိုပါသည်။ ထိုသို့ သက်တမ်းတိုးရန် မပြုလုပ်ကြသော အထက်တန်းရှေ့နေများကို အမျိုးသားညီညွတ်ရေးအစိုးရ

(National Unity Government) က လက်ခံအသိအမှတ်ပြုလျက် လိုင်စင်သက်တမ်းတိုးသည်ဟု မှတ်ယူကာ ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်ထောင်စု တရားရေးဝန်ကြီး
အမျိုးသားညီညွတ်ရေး အစိုးရ